စိတ်ကူးချိုချိုအနုပညာ
mgyoe.com

မောင်သိန်းဇော်

# ညနေခင်း ဖတ်ရှုရန်မျှသာ



# evening is only to be read

translated by
**ko ko thett**

mgyoe.com

mgyoe.com



အဲ့ဒီနောက်
မြင်နေရတဲ့ ကြယ်တွေဟာ
အဝေးကြီးမှာမဟုတ်ဖူးလို့
သံပြိုင် သီဆိုရင်း

ပြီးတော့
ညကြီး မသိအောင်
ငါတို့အားလုံး ခွဲခွါခဲ့ကြ ၊
အဝေးကြီးမှာ မဟုတ်ဖူးလို့
ထပ်မံ သီဆိုရင်း ။ ။

ညနေသည် ဖတ်ရုံမျှသာ

မောင်သိန်းဇော်

evening is only to be read

translated by ko ko thett

MTZ0002
2,500.00 KS
mgyoe.com

mgyoe.com

ညနေသည်ပတ်ရှုရန်မျှသာ။ မောင်သိန်းဇော်
မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် - အောင်ပြုံးဝေ
စာမျက်နှာ ၁၁၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ညနေသည်ဖတ်ရှုရန်မျှသာ

## မောင်သိန်းဇော်

# evening is only to be read

translated by

**ko ko thett**

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


၁။ စိတ် ၂
mind ၃
၂။ အမှိုက်များ ၄
refuse ၅
၃။ နေရောင်၏ကျောကုန်းပေါ်က ထိုးကွင်းမင်ကြောင်းများ ၇
blackwork on the back of sunshine ၈
၄။ ဝင်လာမစဲ ၉
[…] keep coming in ၁၁
၅။ ဘူတာရုံ ၁၂
railway station ၁၅
၆။ စစ်ပွဲ ၁၆
war ၁၇
၇။ မေမြို့ရုပ်ရှင် ၁၈
Maymyo film ၂၂
၈။ စာဖတ်ခန်း ၂၄
study ၂၇


mgyoe.com

mgyoe.com

| | | |
|---|---|---|
| ၉။ | ကောင်းကင်ရဲ့အကြွေစေ့များ | ၂၈ |
| | pennies from heaven | ၃၁ |
| ၁၀။ | အခင်းဖြစ်ပွားစဉ် | ၃၂ |
| | when the crime was committed | ၃၅ |
| ၁၁။ | အလျင်စလို | ၃၆ |
| | in haste | ၃၇ |
| ၁၂။ | ညနေသည် ဖတ်ရှုရန်မျှသာ | ၃၈ |
| | evening is only to be read | ၄၀ |
| ၁၃။ | လွင်တီးခေါင် | ၄၃ |
| | the tundra | ၄၄ |
| ၁၄။ | ၁၀၀%အာဇာနည်၁၀၀%သူရဲကောင်း | ၄၅ |
| | 100% martyr, 100% hero | ၄၇ |
| ၁၅။ | လျှို့ဝှက်ချက် | ၄၈ |
| | secret | ၄၉ |
| ၁၆။ | ရင်သပ်ရှုမော | ၅၀ |
| | flabbergasted | ၅၁ |
| ၁၇။ | မွေးမြူရေးခြံထဲကကမ္ဘာ | ၅၃ |
| | animal farm | ၅၅ |
| ၁၈။ | အပေါင်းလက္ခဏာ | ၅၇ |
| | the plus sign | ၅၈ |
| ၁၉။ | အလွမ်းတေး(မနှစ်မြို့သောအမှန်တရား) | ၅၉ |
| | ballad [the truth I don't quite agree with] | ၆၁ |
| ၂၀။ | သို့/၂၀၁၅ | ၆၃ |
| | to 2015 | ၆၄ |
| ၂၁။ | ဒုက္ခရဲ့ဝတ်ဆံကိုစားသုံးခြင်း | ၆၆ |
| | gnawing at the nectar of dukkha | ၆၈ |
| ၂၂။ | ၅၅ စကားဝိုင်း | ၇၀ |
| | the 55th symposium | ၇၁ |

mgyoe.com

mgyoe.com


၂၃။ J'Donut ၇၂
self-service ၇၄
၂၄။ လျှမ်းလျှမ်းတောက် ၇၇
the A-lister ၇၈
၂၅။ ပျားပန်းခတ် ၈၀
hustle & bustle ၈၁
၂၆။ မောင့်နီတိ ၈၂
M's didacticism ၈၄
၂၇။ ချစ်ခြင်းနှင့်မေတ္တာ ၈၈
loving & loving kindness ၈၉
၂၈။ အတွေးအယ်လ်ဘမ် ၉၂
AN ALBUM OF MY THOUGHTS ၉၃


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## စိတ်

မီးခိုးမထွက်ဘူး
ညှော်နံ့မရဘူး
အထဲမှာ
လောင်မြိုက်တယ် ။ ။

၂
၀
၁
၄

mgyoe.com

mgyoe.com

## mind

no smoke
no stench
psyche smoulders
from the inside

mgyoe.com

mgyoe.com

## အမှိုက်များ

ကိုယ့်သမိုင်း ကိုယ်ဖွ
အမှိုက်တွေက ပွစာတက်

ရွှံ့စောင်း အတိတ်
ဘယ်သူ့စိတ်မှာ
ဘယ်သူ့အရိပ်လည်း
ဖျတ် ကနဲပေါ် -
အမိုက်အမှား အမှောင် အမုန်း
အားလုံး အမှိုက် သရိုက်တွေ
ဘဝလမ်း၌ တစ်ပုံတစ်ပင်

ထ ၊ မနေ့က
အမှိုက်တွေထဲက ထ
ရှာ ၊ ဒီကနေ့
အမှိုက်ထဲကရွှေရအောင်ရှာ

မနက်ဖြန် - အမှိုက်ထဲက
ရွှေမရတောင် ၊ အမှိုက်ကစ
ပြာသာဒ်မီးလောင်ဆိုတာလို
အနာဂတ်ကို
ပြာမကျအောင်သတိပြု ။ ။

၂
၀
၁
၃

mgyoe.com

# refuse

why mess with history?
it gets trashy everywhere

in a distorted past
in whose mind
whose shadow fulgurates?
idiocy, inanity, incorrectness &
ill will
all those rubbish
pile up on life's path


get up! out of
yesterday's litter!
pan for today's gold
at a garbage dump!

tomorrow - even if there's
no treasure in trash
be careful
not to reduce future to ash

landfill fire can char palace spires

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# နေရောင်၏ကျောကုန်းပေါ်က ထိုးကွင်းမင်ကြောင်များ

ကျွန်တော် -
ငယ်ငယ်တည်းက စွဲလမ်းခဲ့တာ

ခု နေရောင်က
အတိတ်ကို ဘာမှ မထောက်ပံ့ဘူး
ဒါနဲ့ ခင်ဗျားကော မလွမ်းဖူးလား ?

တစ်ချက်ချက်မြည်နေတဲ့
ဝေး ကွာ ခြင်း များ ...
မရှိမှုကို သံပတ်ပေးပြီး
အချိန် တွက်နေရ ၊

ကမ္ဘာကုန်ကျယ်သရွေ့လေ

မျက်လုံးတွေ လှပ ဖို့
မျက်ရည်တွေ အိုမင်းခဲ့တယ် ။ ။

၂
၀
၁
၅

mgyoe.com

mgyoe.com


# blackwork on the back of sunshine

ever since I was a kid -
I've been wild about it

the present sunshine
doesn't root for the past
don't you miss that too?

long distance goes
tik-tok, tik-tok …
absence must be wound up
so we can guess the time

as profound as the depth & the breadth of the cosmos

for eyes to look noble
ignoble tears shed

mgyoe.com

mgyoe.com

## ဝင်လာမစဲ

မွေးနေ့ ရောက်လာခဲ့တယ် ၊
ငါ့မှာ ထိတ်ထိတ်ပျာပျာ

ဈေးဝယ်ရင်း က
ဖျတ် ကနဲ စိုးရိမ်စိတ်နဲ့
အိတ်ပြန် စမ်းသလို -
ဘဝထဲက အချိန်
ဖျတ် ကနဲ ၊ ဖျတ် ကနဲ
ပြန် စမ်းကြည့်တဲ့အခါ
ထိတ်ထိတ်ပျာပျာ ...

mgyoe.com

mgyoe.com

မည်သို့ ရှိစေ -
စာရင်းထဲမှာ အပေါင်းပြ ပြပြီး
လက်ကျန်ထဲက -
နုတ် နုတ်သွားတဲ့ မွေးနေ့ကို
အစဉ်အလာမပျက်
မင်္ဂလာပါ လို့ ချို သာ စွာ
ငါ နှုတ်ခွန်းဆက်သရဲ့ ။

ဩော် ...
ရက်မြတ် ဆိုတဲ့အတိုင်း
ငါတို့ရဲ့လူ့အဖြစ်ဟာ
မြတ်စွန်းခဲ့ ပြီလား ။ ။

၂
၀
၁
၄

mgyoe.com

mgyoe.com

# [...] keep coming in

birthday again -
I am in a twitter

while shopping,
anxiety gives me a smack
the way I press my wallet against my chest
I prod at the remaining hours of my life
smack-smack
I get restless

no matter what
I will have to keep up with the tradition
mingalaba
to my birthday that adds to the inventory of age
& subtracts from what little youth is left in me

O ...
they call it an auspicious day
is human existence
profitably auspicious?

mgyoe.com

mgyoe.com

## ဘူတာရုံ

ပြန်မယ်ဆိုမှ နှင်းတွေ
ငါ့နောက်ကတကောက်ကောက်

ပန်းသီးတစ်လုံးလိုလှတဲ့
ကမ္ဘာကြီးကိုရဖို့
ခဏတော့ မင်းစောင့်ရပေမပေါ့

အစကတည်းက
နီးတယ်ဆိုတာ မရှိခဲ့သလို
ဝေးတယ်ဆိုတာ လည်းမရှိခဲ့

ဗံဒါရွက်တွေ ကြွေလိုက်တာ
သံလမ်းတွေ ရထားမမှီလိုက်ဘူး ။

mgyoe.com

mgyoe.com

မင်းတို့ ငါတို့ခေတ်မှာ
သမိုင်းစစ်စစ်တွေ
ဒဏ္ဍာရီထက်ဆန်းပြားခဲ့တယ် ။

နွေ ဦးလား ?

မောကြီးပန်းကြီးနဲ့
ခုနက ထွက်ခွာသွားတဲ့ရထား
မကြာခင် ဒီဘူတာ
ပြန်ဆိုက်ရောက်လာလိမ့်မယ် ။ ။

၂
၀
၁
၄

mgyoe.com

[illegible]

mgyoe.com

mgyoe.com

mgyoe.com

## railway station

just as I said "Hasta la vista!", snow
starts to stalk up on me

to enjoy the planet earth
that is as wholesome as an apple,
isn't a while worth the wait?

since the beginning
there's no togetherness,
nor distance

the railway tracks cannot keep up with
the way the almond leaves fall

in your times, & mine
history gets more mythical than
the myth itself

what of the spring?

it's the train that's
just left huffing & puffing
it will soon pull up again
at the same old station

mgyoe.com

mgyoe.com

## စစ်ပွဲ

တ ဖွဲဖွဲ ဖွဲ့နွဲ့ ...

မြန်မာပြည်မြောက်ပိုင်းမှာ
မိုး တွေ လေ တွေ
ပြင်းထန်မယ့်ပုံမတွေ့ရ-လို့
ညက T V မှာ ကြားမိရဲ့

ဒါ ပေ မဲ့ ...၊
မနက်လင်းတဲ့အခါ
နူးညံ့တဲ့ လေပြေမှာ
သစ်ရွက်တွေ
အသေအပျောက်များခဲ့တယ် ။ ။

၂
၀
၁
၄

mgyoe.com

mgyoe.com

## war

in a supplicated posture …

in Northern Myanmar
no raincloud, nor stormy sky
the weather is going to be perfect
I heard it on the telly late last night

however …
comes the morning
albeit a gentle breeze,
many autumn leaves have
fallen

mgyoe.com

mgyoe.com

# မေမြို့ရုပ်ရှင်

မင်းသားကြီး(ဝင်းဦး)ရေ

ကျွန်တော်ဖြင့်
မေမြို့ကို သွားတာ
မေမြို့ကို ရောက်ပေမယ့်
မေမြို့ကို မတွေ့ခဲ့ရဘူး ။

မေမြို့မှာ
ဖော်ရွေတဲ့ ချယ်ရီပန်းတွေ
သူတို့ မေမြို့သူတို့လွမ်းလို့
တစ်ပွင့် ပြီး တစ်ပွင့် ခုန်ချ

မြို့မိ မြို့ဖ ဆိုတဲ့
ခါတော်မှီ ၊ ထင်းရှူးတွေလည်း
ကော်ဖီပင်ငယ်တွေလက်ဆွဲလို့
နေ့ရောညပါ မေမြို့မှာ
မေမြို့ကို လိုက်ရှာနေကြပုံပဲ

mgyoe.com

ငွေ လို့နာမည်ပေးရမယ့်
မြင်း ရထားလုံးလေးတွေရဲ့
မကြားတစ်ချက်ကြားတစ်ချက်
ခွာသံက မေမြို့ကို
မေမြို့ရေ လို့အော်ခေါ်နေရဲ့
အသည်းငယ်တဲ့
ပန်းရောင်စုံတွေကဖြင့်
မေမြို့ဟာ မေမြို့ထဲမှာလားလို့
တုန် ရီ လှိုက်မောစွာ
သင်းတပျံ့ပျံ့ စုံစမ်းဆဲ

ဘယ်လောက်နှစ်ကြာကြာ
မေမြို့လယ်မှာ မတ်မတ် ရပ်
တောင်တွေရှိရာ ၊ တိမ်တွေရှိရာ
ချစ်တဲ့မေမြို့ရှိ ရာ ...
နာရီစင်ကြီးခမျာ မျှော် ငေး

mgyoe.com

ညနေဆို
(လေညှင်းရဲ့ သဲလွန်စနဲ့)
စတော်ဘယ်ရီသီးတွေ အုပ်စုဖွဲ့
မေမြို့ကနေ မေမြို့ကိုရှာဖို့
မြေနီလမ်းလေးအတိုင်းသွားကြတယ်


မှတ်မှတ်ရရ
လွန်ခဲ့တဲ့အနှစ်ငါးဆယ်က
မေမြို့ကန်တော်ကြီးစောင်းမှာ
ဝင်းဦး မေ့ကျန်ခဲ့တဲ့
ဆွယ်တာအဟောင်းလေးကတော့
ခု ၂၀၁၄ မှာ ချွေးပြန်လို့

လွမ်းပါတယ်ဗျာ -
ဘယ်မှာမှန်းမသိတဲ့ မေမြို့ကို
ပြီးတော့ ၊ ခင်ဗျားကိုရောပေါ့ ။ ။

၂
၀
၁
၄

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


# Maymyo film

O …
actor Win Oo

I've been to
your town Maymyo
but
I haven't really seen it

in Maymyo
in a yearning for the Maymyo they used to know
generous cherry blossoms
jump off the cherry trees

pines & spruces,
parents of the town,
holding the hands of coffee plantation in their shadow,
look for Maymyo day & night
in the town of Maymyo

on-&-off hoof beats from
pony-drawn coaches
should be named 'Perseverance'
they call out the name Maymyo
to the town of Maymyo

mgyoe.com

in a fragrant query
the small-hearted fancy flowers
ask nervously
if Maymyo remains
in the town of Maymyo

no matter how many years passed
standing at the heart of Maymyo
the Purcell Clock Tower
gazes up at the mountains, & the clouds as he
gazes down at the Maymyo he loves

when evening arrives
(following the heads-up by the breeze)
strawberries come together
to look for Maymyo at Maymyo
they set out on a red earth lane

memory always serves me well
the old sweater
Win Oo forgot
at the bank of Kandawgyi Lake
fifty years ago
is in sweat in 2014

I miss -
Maymyo of which I have little idea
of course, I miss you too

mgyoe.com

## စာဖတ်ခန်း

ဒါလား လူ့ဘုံခန်းဝါ ...

ဆူညံလွန်းနေတာကလွဲလို့
အန့်ကစ အရသာရှိနေတယ် ။

ဖတ်ပြီးသားနဲ့
မဖတ်ရသေးတာ
နောက်ပြီး
ငါ ဖတ်လို့မတတ်တာ
ပြီးတော့ -
ငါ ဖတ်လို့မဝတာ

mgyoe.com


မီး ရောင်စုံတွေက
မှိန်လိုက် ၊ ထိန်ထိန်လင်းလိုက်
ခုံခုံညားညား အခန်းထဲ
အားလုံး တိုး ဝှေ့ ...၊

သူ့အလိုလိုပါပဲ -
ငါ ကိုယ်တိုင်လည်း
မှင်နဲ့ မောင်းနဲ့
အဖုံးက ထူထူ ထဲထဲ
သပ်သပ် ရပ်ရပ် ။ ။

၂
၀
၁
၄

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

## study

is that what you call the glorious human abode?

too noisy, but
even the scent is delicious

books I've read &
books I haven't
then
there're books I am not able to read
then
books I am never tired of reading over & over again

colourful lights
take turn for the dim & for the bright
they all scramble
into the suave room …

what about me?
voluntarily
I assume a bookish posture &
turn myself into a hardcover,
neatly bound

mgyoe.com

mgyoe.com


## ကောင်းကင်ရဲ့အကြွေစေ့များ

ထစ်ချုန်းမှုများ
မရေနိုင်မတွက်နိုင်

မိုးသားကိုယ်တိုင်
သူ့မိုးခြိမ်းသံ
သူ ပြန်ထိတ်လန့်နေရဲ့

အချိန်အခါမရွေးတဲ့
အလွမ်း တဖွဖွရဲ့အသံက
လျှပ်စီးတဖျတ်ဖျတ်လက်လို့ ၊

mgyoe.com

mgyoe.com

မိုးရွာမယ်ဆိုပါတော့ -
နှလုံးသားဟာ
နှလုံးအိမ်ထဲမှာလား ?
နှလုံးအိမ့်အပြင်မှာလား?

မေတ္တာရပ်ခွင်တစ်နယ်လုံး
မှိုင်း ညို့အုံ့ဆိုင်းနေဆဲ ။ ။

၂
၀
၁
၄

mgyoe.com